**ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲတွင် မြန်မာတိုင်းရင်းသားများ၏ဝတ်စားဆင်ယင်မှုအား တင်ဆက်ပြသ**

(၂၇-၉-၂၀၂၄ ရက်၊ ဗီယင်နာ)

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် International Cultural Diversity Organization (ICDO) က ကြီးမှူး၍ ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲ (Costumes of the World) ကို ၂၇-၉-၂၀၂၄ ရက်တွင် ဗီယင်နာမြို့တော်ခန်းမ (Festsaal Rathaus) ၌ ကျင်းပခဲ့ရာ ဗီယင်နာ ဒုတိယမြို့တော်ဝန်နှင့် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Christoph Wiederkehr၊ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းနှင့် ဝတ်စားဆင်ယင်မှုတင်ဆက်သည့် နိုင်ငံများမှ သံအမတ်ကြီးများ/ ယဉ်ကျေးမှုသံအရာရှိများနှင့် ပရိသတ်ရာပေါင်းများစွာ တက်ရောက်အားပေးခဲ့ကြပါသည်။

အဆိုပါဝတ်စားဆင်ယင်မှုပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံက ၎င်းတို့၏ ရိုးရာဝတ်စားဆင်ယင်မှုများ၊ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြသခဲ့ကြပြီး၊ မြန်မာသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့က မြန်မာနိုင်ငံ၏ အဓိကတိုင်းရင်းသားလူမျိုး (၈)မျိုး ဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားဝတ်စုံများဖြင့် တင်ဆက် ပြသခဲ့ပါ သည်။

*********************************************************

**Myanmar presents ethnic national costumes at "Costumes of the World" Show**

**(27 September 2024, Vienna)**

The International Cultural Diversity Organization (ICDO) organized "Costumes of the World" Show on 27 September 2024 at the Festsaal Rathaus in Vienna, Austria, and Deputy Mayor and Deputy Governor of Vienna Mr. Christoph Wiederkehr, Myanmar Ambassador U Min Thein and other Ambassadors/ Cultural Attaches of the participating countries, and hundreds of audience attended the event.

Altogether 32 countries including Myanmar participated in the Show presenting a variety of their traditional costumes and dance performances. Myanmar Embassy and Permanent Mission in Vienna presented traditional costumes of eight major ethnic national races of Myanmar— Kachin, Kayah, Karen, Chin, Mon, Bamar, Rakhine, and Shan.

*********************************************************




မြန်မာသံအမတ်ကြီးနှင့် ပြပွဲတွင် ပါဝင်ခဲ့သည့် မြန်မာသံရုံး/အဖွဲ့ရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ အမှတ်တရဓာတ်ပုံရိုက်စဉ်




မြန်မာသံရုံး/အဖွဲ့ရုံးဝန်ထမ်းများနှင့် မိသားစုဝင်များက ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲတွင် ပါဝင်ပြသစဉ်



ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲ နိုင်ငံများက တင်ဆက်ပြသစဉ်